


မင်္ဂလာရာမပါဠိတက္ကသိုလ် ပဓာနဆရာတော်

**သက်တော်(၈၄)ပြည့် ၊ သိက္ခာတော်(၆၃)ပြည့်**

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်

## ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ

(ငမောက်ချောင်း ပဝိရဏာဂိုဏ်း၏ ဂိုဏ်းချုပ်)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ)

၏

# ထေရုပ္ပတ္တိအကျဉ်း

| | | |
|---|---|---|
| ၁။ | ဘွဲ့တော် | ဘဒ္ဒန္တရဋ္ဌသာရ ၊ ၁၂/ဗတထ (သ) / ၀၀၀၀၁၉ |
| ၂။ | ကျောင်းတိုက် (နေရပ်) | မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ် (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၃။ | အသက်/သိက္ခာ/ဂိုဏ်း | သက်တော် (၈၄)၊ သိက္ခာတော် (၆၃)၊ သုဓမ္မာဂိုဏ်း။ |
| ၄။ | မွေးသက္ကရာဇ် | ၁၂၈၈–ခုနှစ်၊ ဝါဆိုလဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့။ |
| ၅။ | ဇာတိရပ်ရွာနှင့် မယ်တော် ခမည်းတော်တို့၏ အမည် | ကန်ဆိပ်ကျေးရွာ၊ ပန်းတင်တိုက်နယ်၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်။<br>ခမည်းတော် ဦးမြတ်သာအောင် + မယ်တော် ဒေါ်အေးမှုံ |
| ၆။ | ရှင်သာမဏေပြုခြင်း | ၁၂၉၉–ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်၊ ပန်းတင်တိုက်နယ် အရှေ့ဘက်ရွာ၊ သက်နက်ကျောင်းဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ |
| ၇။ | ရဟန်းပြုခြင်း | ၁၃၀၈–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ နံနက် (၉း၁၅)အချိန်တွင် တောင်ကုတ်မြို့နယ်၊ သက်နက်ကျေးရွာ၊ သက်နက်ကျောင်း၊ ခဏ္ဍသိမ်တော်၌ ဘဒ္ဒန္တဇိန (သလိန်ပြင်ဆရာတော်)ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဖြစ်ခဲ့သည်။ |
| ၈။ | စာပေသင်ယူခြင်း | တောင်ကုတ်မြို့နယ်၊ ပန်းတင်တိုက်နယ်၊ သက်နတ်ဆရာတော် ဘဒ္ဒန္တသာဂရ၊ ဘဒ္ဒန္တကုဏ္ဍိယတို့ထံ၌လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် တို့ထံ၌လည်းကောင်း၊ ညောင်တုန်းမြို့ ရွှေဟသ်ာ တောရပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ထံ၌လည်းကောင်း၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဆရာတော်များထံ၌လည်းကောင်း ပထမပြန်နှင့် စာချတန်းဆိုင်ရာ စာပေ များကို လေ့လာသင်ကြားခဲ့ပါသည်။ |

၉။ စာပေသင်ကြားပို့ချခြင်း

ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ၁၁၁၇–ခုနှစ်မှစ၍ ယခုအချိန်ထိ ငယ်၊ လတ်၊ ကြီးတန်း စာဝါများနှင့် ဓမ္မာစရိယစာဝါများကို ပို့ချပြီး/ပို့ချဆဲ ဖြစ်ပါသည်။

၁၀။ သာသနာရေးတာဝန်

ပါဠိတက္ကသိုလ်ခေတ်က ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက် ခဲ့ခြင်း၊ ၁၉၆၂–ခုနှစ်မှ ၁၉၈၀–ပြည့်နှစ်ထိ အခါအားလျော်စွာ ပထမပြန်ငယ်၊ လတ်၊ ကြီးအတွက် ပုစ္ဆကပြုလုပ်ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၈၆–ခုနှစ်မှ ၁၉၉၀–ထိ ဗိုလ်တထောင်မြို့နယ်၊ သံဃနာယကအဖွဲ့၌ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ရန်ကုန်တိုင်း ဝိနည်းဓိုရ် အဖြစ် ကိုယ်တိုင်ဦးဆောင်၍ ဝိဝါဒါဓိကရဏ်းတို့ကို စီစစ်ဆုံးဖြတ်ပေးခဲ့ခြင်း၊ ၂၀၀၀–ပြည့်နှစ် ကမ္ဘာအေး ၌ ဝါဆို၍ နိုင်ငံတော်ဝိနည်းဓိုရ် အဖြစ် ဆောင်ရွက်ခဲ့ခြင်း၊ ၁၉၉၆–ခုနှစ်မှ ယခု ၂၀၀၉–ခုနှစ်ထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖြစ် ထမ်းဆောင်နေဆဲဖြစ်သည်။

၁၁။ ရဟန်းရှင်လူတို့၏ ကြည်ညို

ဆရာတော်သည် ရဟန်းရှင်လူအများတို့နှင့် ဆက်ဆံရာတွင် သဘောထားကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ ခမာဂုဏ်၊ တည်ကြည်ဖြောင့်မတ်ခြင်း၊ ဓိတိဂုဏ်၊ ဥဇုဂုဏ်များနှင့် ပြည့်စုံခြင်းကြောင့် ကျောင်းတိုက်အတွင်း အလျား (၁၇၆)ပေ၊ အနံ (၅၄)ပေရှိ စိန်ရတုလေးထပ်ကျောင်းတော်ကြီးကို ဦးစီးတည်ဆောက်နိုင်ခြင်း၊ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် တင်မြှောက်ခံရခြင်း၊ အမြို့မြို့အရွာရွာ၌ ကျောင်းတိုက်ခွဲ များကို ဦးစီး ထူထောင်ပေးနိုင်ခြင်း စသည်ဖြင့် ရဟန်းရှင်လူ အများပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ခံယူရရှိတော်မူပါသည်။

၁၂။ ကျောင်းတိုက်ရှိ သံဃာ အရေအတွက်နှင့် ကျောင်းတိုက်

ရဟန်း (၇၇)ပါး၊ သာမဏေ (၃၅)ပါး၊ စုစုပေါင်း (၁၁၂)ပါး နှင့် ကျောင်းတိုက်ခွဲများရှိ သံဃာ (၃၀၀)ကျော်၊ ဩဝါဒခံကျောင်းတိုက်များရှိ သံဃာ (၇၀၀) ကျော်၊ ဂိုဏ်းဝင်ကျောင်းများရှိ သံဃာ (၃၀၀)ကျော်၊ စုစုပေါင်း (၁၄၀၀)ခန့် ရှိပါသည်။ ဆရာတော်သည် (၂၀၀၆) ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ကြွရောက်၍ (၂)လနီးပါး တရားဟောခြင်း/ ဒေသန္တရအကြောင်း လေ့လာခြင်း တို့ကို ဆောင်ရွက်ပြီး သာသနာပြု တော်မူခဲ့ပါသည်။

ယခုအခါ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်ကို စီမံအုပ်ချုပ်လျက် ရှိနေပါသည်။